
ဘာသာပြန် စာရေးဆရာ - တာဒိုလုလင်
(ထန်စန်း)
ဝိညာဉ်တို့ကြီးစိုးရာမြေ
(Chapter 1 - 15)
စာစဉ်(၁)

# နိဒါန်း

## တတိယသခင်လေး ဘဝတစ်ပါးသို့ ကူးပြောင်းခြင်း

ပရှူ - သမိုင်းဂုဏ်သတင်း ကြီးမားပြီး ကျယ်ပြန့်သော ကုန်းမြေတစ်ခု။ ထိုကုန်းမြေတွင် မည်သူမျှ မကျော်လွှားနိုင်သော ဂိုဏ်းတစ်ခု ရှိသည်။

ထန်ဂိုဏ်း - ထန်ဂိုဏ်း၏ တည်နေရာကား လျှို့ဝှက်ဆန်းကြယ်သော နေရာတစ်ခု ဖြစ်၏။ လူအများစုက တောင်တစ်ခု၏ တစ်ဝက်ကိုသာ သိကြပြီး ထိုနေရာက ထန်ဂိုဏ်း တည်ရှိရာနေရာ ဖြစ်ကာ ကြောက်မက်ဖွယ်ကောင်းသော အမည်တစ်ခု ရှိသည်။

"ငရဲတောင်ထွဋ် ..."

ငရဲတောင်ထွဋ်၏ ထိပ်မှ ကျောက်တုံးတစ်တုံး ပစ်ချလိုက်လျှင် အောက်ခြေသို့ မထိခင် အချိန်အတွင်း ပွဲတင်သံ ကြားရန် ဆယ့်ကိုးစက္ကန့် ကြာမြင့်သည်။ ထို့ကြောင့် ၎င်း၏အမြင့်ကို တွက်ဆနိုင်၏။ ထိုဆယ့်ကိုးစက္ကန့်ကြောင့် လူတစ်ဦးက ငရဲပြည် ဆယ့်ရှစ်ထပ်ကို ရောက်သွားနိုင်သဖြင့် ထိုနာမည်ကို ပေးထားခြင်းဖြစ်သည်။

ငရဲတောင်ထွဋ် ထိပ်ဖျား၌ မီးခိုးရောင်ဝတ်စုံနှင့် လူငယ်တစ်ဦး ရပ်နေသည်။ အရိုးကွဲမတတ် အေးစက်နေသော တောင်ပေါ်လေက သူ့ခန္ဓာကိုယ်အား အနည်းငယ်မျှပင် တုန်ယင်ခြင်း မဖြစ်စေခဲ့ပေ။ သူ့ဝမ်းဗိုက်၏ ထိပ်ပေါ်တွင် ကြီးမားသော "ထန်" ဟူသည့် စာလုံးတစ်လုံးကို တွေ့မြင်နိုင်သည်။ သူသည် ထန်ဂိုဏ်းမှ ဖြစ်လေ၏။ မီးခိုးရောင် ဝတ်စုံသည်ကား ထန်ဂိုဏ်း၏ အပြင်စည်းတပည့်ကို ကိုယ်စားပြုပါသည်။

ဒီနှစ်တွင် သူက အသက် နှစ်ဆယ့်ကိုးနှစ် ပြည့်ပြီ ဖြစ်၏။ သူသည် မွေးဖွားပြီး သိပ်မကြာခင်မှာပင် ထန်ဂိုဏ်းကို ရောက်ရှိလာခဲ့သည်။ သူကား ထန်ဂိုဏ်း၏ အပြင်တပည့်များ ကြားတွင် တတိယမြောက် စီနီယာ အကျဆုံး ဖြစ်လေ၏။ ရလဒ်အနေဖြင့် အပြင်စည်းတပည့်များက သူ့ကို တတိယသခင်လေးဟု အမည်ပေးထားကြသည်။ မှန်ပေ၏ ... အတွင်းစည်းတပည့်များ၏ ပါးစပ်ထဲတွင် ထိုအရာက ထန်စန်း ဖြစ်လာခဲ့၏။

ထန်ဂိုဏ်းကို တည်ထောင်ပြီးသည့် အချိန်မှစ၍ အပြင်ဂိုဏ်းနှင့် အတွင်းဂိုဏ်းဟူ၍ နှစ်ခုခွဲထားသည်။ အပြင်စည်းတပည့်များ အားလုံးသည် ပြင်ပမိသားစုများ သို့မဟုတ် ထန်မျိုးရိုးကို ပြောင်းထားသူများ ဖြစ်လေ၏။ အတွင်းစည်းတပည့်များက ထန်ဂိုဏ်းသားများနှင့် တိုက်ရိုက်ဆက်နွယ်နေပြီး ထန်မိသားစုမှ ဆင်းသက်လာသူများ ဖြစ်ကြသည်။

ယခုအချိန်တွင် ... ထန်စန်းသည် ပစ်ပယ်ခံရသော အမူအရာများ ရှိနေ၏။ တစ်ခါတစ်ရံတွင် ရယ်မောနေပြီး တစ်ခါတစ်ရံ၌ ငိုကြွေးနေသည်။ သို့သော် ထိုအရာ အားလုံးသည် သူနှလုံးသားထဲရှိ စိတ်လှုပ်ရှားမှုကို လုံအောင် မဖုံးနိုင်ခဲ့ပါချေ။ အကြီးအကဲ အဘိုးထန်လန်က သူ့ကို မွေးကင်းစ အရွယ်မှစ၍ ထန်ဂိုဏ်းကို ခေါ်လာသောအခါ နှစ်ဆယ့်ကိုးနှစ်တာ ကာလအတွင်း ထန်ဂိုဏ်းသည် သူ့မိသားစု ဖြစ်ခဲ့သည်။ ထန်ဂိုဏ်း၏ လျှို့ဝှက်လက်နက်များသည် သူ့အတွက်တော့ အရာအားလုံးပင် ဖြစ်၏။

ရုတ်တရက် ... ထန်စန်း၏ အမူအရာကား ဆိုးရွားစွာ ပြောင်းလဲသွားသော်လည်း ပြီးနောက်တွင် လျင်မြန်စွာ စိတ်သက်သာရာ ရသွားပြန်သည်။ သူက သူ့ကိုယ်သာ ခါးသီးစွာ ပြောလိုက်လေ၏။

"နောက်ဆုံးတော့ ဖြစ်မယ့်ဟာက ဖြစ်နေတုန်းပါပဲ ..."

အရိပ်ဆယ့်ခုနစ်ခု ... အဖြူရောင်အရိပ် ဆယ့်ခုနစ်ခုက ကြယ်ကြွေကျလာ

သကဲ့သို့ တောင်လယ်မှ တောင်ထိပ်ပေါ် ခုန်တက်ခဲ့သည်။ အငယ်ဆုံးသည်ပင် အသက်ငါးဆယ်ရှိနေပြီး တစ်ဦးချင်းစီနှင့် လူတိုင်းသည် လေးနက်သော အမူအရာ ရှိနေကြ၏။ သူတို့၏ အဖြူရောင်ဝတ်စုံက အတွင်းဂိုဏ်းကို ကိုယ်စားပြုနေပြီး သူတို့ရင်ဘတ်ပေါ်ရှိ ရွှေရောင် ထန်စာလုံးက ထန်ဂိုဏ်း၏ အကြီးအကဲ သင်္ကေတ ဖြစ်ပါသည်။

ဂိုဏ်းခေါင်းဆောင် ထန်တ အပါအဝင် အကြီးအကဲ ဆယ့်ခုနစ်ဦးလုံး ရှိနေကြ၏။ ယခုအချိန်တွင် လူဆယ့်ခုနစ်ဦးက တောင်ထိပ်ပေါ် တက်လာနေသည်။ သိုင်းပညာ အသိုင်းအဝိုင်း၏ ညီလာခံပွဲ တစ်ခုသည်ပင် ထန်ဂိုဏ်း အကြီးအကဲ ဆယ့်ခုနစ်ဦးလုံးကို တစ်ချိန်တည်း မစုစည်းနိုင်ချေ။ ထန်ဂိုဏ်း အကြီးအကဲများကြားတွင် အကြီးဆုံးသည် အသက်ခြောက်ဆယ်ကို နှစ်ခါကျော်လွန်သွားပြီ ဖြစ်ကြောင်း သိရပေမည်။ (အသက် ၁၂၀ ကျော်သွားကြောင်း ပြောတာပါ)

ထို ထန်ဂိုဏ်းအကြီးအကဲ အားလုံးသည် ကျင့်ကြံခြင်း၏ အထွတ်အထိပ်သို့ ရောက်ရှိနေကြပြီ ဖြစ်ကာ အချိန်တစ်ခဏလေး အတွင်းမှာပင် သူတို့က တောင်ထိပ်ကို ရောက်လာကြပြီဖြစ်၏။ အပြင်စည်းတပည့်များသည် အတွင်းဂိုဏ်း အကြီးအကဲများနှင့် တွေ့ဆုံချိန်၌ ဒူးထောက်၍ နှုတ်ဆက်ရမည် ဖြစ်သော်လည်း ယခုအချိန်တွင် ထန်စန်းသည် လှုပ်ရှားခြင်း မရှိခဲ့ပေ။ သူက သူ့ရှေ့သို့ ရောက်ရှိလာသည့် လေးနက်သော မျက်နှာထားနှင့် အကြီးအကဲများကို တည်ငြိမ်စွာ ကြည့်နေခဲ့သည်။

သူတို့က လွတ်မြောက်နိုင်သည့် လမ်းကြောင်းအားလုံးကို ပိတ်ဆို့ထားသည်။ သူ့နောက်တွင်ကား ငရဲတောင်ထွဋ်သာ ရှိပါတော့၏။

ဗုဒ္ဓအမျက် ထန်ကြာပန်းသုံးပွင့်ပေါ် လဲလျောင်းခြင်း - ထန်စန်းက သူတို့ကို တစ်ချက်ကြည့်ကာ သူ့နှုတ်ခမ်းထောင့်၌ ကျေနပ်နှစ်သိမ့်သော အပြုံး

တစ်ခု ပေါ်ထွက်လာခဲ့သည်။ ပြီးတော့ကား သူက အောင်မြင်ခဲ့ပြီးဖြစ်၏။ နှစ်နှစ်ဆယ်ကြာ အားထုတ်မှုနှင့်အတူ သူသည် ထန်အပြင်ဂိုဏ်း၏ ဒုတိယ မြောက် နောက်ဆုံးအလုပ်ကို အပြီးသတ်နိုင်ခဲ့ပြီ။ ထိုကျေနပ်ဖွယ် ပြီးမြောက်မှုကို စကားလုံးများဖြင့် မဖော်ပြနိုင်ပါချေ။

ထိုအခိုက်အတန့်တွင် ထန်စန်းက သူ့ကိုသူ တွေးလိုက်မိသည်။

'အရာအားလုံးက အရေးမပါတော့ဘူး ... ဂိုဏ်းစည်းမျဉ်းများကို ချိုးဖောက်ခြင်းတာလည်း အဆင်ပြေတယ် ... သေခြင်းရှင်ခြင်းကလည်း အဆင်ပြေတယ် ...'

သိသာစွာပင် အရာအားလုံးက သူ့ရှေ့တွင် ပွင့်လန်းနေသော ထန်ကြာပန်း သုံးပွင့် နှင့်အတူ အဆုံးသတ် သွားပေလိမ့်မည်။ ဗုဒ္ဓအမျက်ထန်ကြာပန်း ... ကမ္ဘာ့အပြင်းဆုံး လျှို့ဝှက်လက်နက်က သူ့လက်ထဲတွင် မွေးဖွားလာခဲ့ပြီ ဖြစ်၏။ သူ့ဘဝ တစ်လျှောက်လုံးတွင် လျှို့ဝှက်လက်နက်များကို ပြုလုပ်နိုင်သည်ထက် ဘယ်အရာက ထန်စန်းကို ပို၍ စိတ်လှုပ်ရှား စေမည်နည်း ..

"ကျုပ်သိတယ် ... အတွင်းဂိုဏ်းထဲ ခိုးဝင်ပြီး ဂိုဏ်းရဲ့ လျှို့ဝှက်သိုင်းကျမ်းကို ခိုးယူတာက ခွင့်လွှတ်လို့မရဘူး ... ဂိုဏ်းစည်းမျဉ်းတွေ အရ သည်းခံလို့ မရဘူး ... ဒါပေမဲ့ ... ထန်ဆန်းက ကောင်းကင်ဘုံကို ကတိပြုနိုင်တယ် ... လျှို့ဝှက်သိုင်းကျမ်းရဲ့ အသိပညာ နည်းနည်းလေးတောင် အပြင်ဘက်ကမ္ဘာကို ရောက်မှာမဟုတ်ဘူး ... ကျုပ် ဒါကို ပြောမယ် ... အကြီးအကဲတွေရဲ့ သနားညှာတာမှု ရရှိဖို့ မမျှော်လင့်ပါဘူး ... ဒါပေမဲ့ အကြီးအကဲတို့ သိရမှာက ထန်စန်းဟာ သူ့ရဲ့ အုတ်မြစ်ကို ဘယ်တော့မှ မမေ့ခဲ့ဘူး ဆိုတာပဲ ... အတိတ်တုန်းကလည်း ဘယ်တော့မှ မရှိခဲ့သလို ယနေ့မှစပြီး ဘယ်တော့မှ မရှိတော့ဘူး ..."

ထိုအခိုက်တွင် ထန်စန်း၏ စိတ်ခံစားချက်များက အလွန်တည်ငြိမ် နေခဲ့

သည်။ ဖြစ်နိုင်သည်မှာ ထိုအရာက သူ့ဘဝတွင် အတည်ငြိမ်ဆုံး အခိုက်အတန့်ပင်တည်း။ တောင်လယ်ရှိ ရှေးဟောင်းထန်ဂိုဏ်း၏ ခြံဝင်းကို ကြည့်ရင်း ... ထန်ဂိုဏ်း၏ အငွေ့အသက်ကို ခံစားရင်း ထန်စန်း၏ မျက်လုံးများက စိုစွတ်လာခဲ့သည်။ သူမှတ်မိနေသမျှ သူသည် ထန်ဂိုဏ်း၏ကံကြမ္မာအတွက် မွေးဖွားလာသည်ဟုပင် ပြောရပေမည်။ သို့သော် ... ယခုအချိန်တွင် သူသည် သူ၏လုပ်ရပ်ကြောင့် ထန်ဂိုဏ်းမှ ထွက်သွားရပေတော့မည်။

အကြီးအကဲအားလုံး ဆွံ့အနေလေ၏။ ယခုအချိန်တွင် သူတို့သည် ဗုဒ္ဓအမျက်ကြာပန်း၏ အသွင်အပြင်ကြောင့် သူတို့ခေါင်းကို ရှင်းရှင်းလင်းလင်း မထားနိုင် ဖြစ်နေကြသည်။ နှစ်နှစ်ရာ ကြာခဲ့ပြီ။ နှစ်နှစ်ရာ ကြာပြီးနောက်တွင် ဗုဒ္ဓအမျက်ကြာပန်းက မမျှော်လင့်ဘဲ အပြင်စည်းတပည့် တစ်ဦး၏ လက်ထဲတွင် ပေါ်ပေါက်လာခဲ့သည်။ ထိုလက္ခဏာက ဘာဖြစ်မည်နည်း ...

ဤကုန်းမြေထဲတွင် ထူးခြားသော ထိုလျှို့ဝှက်လက်နက်သည် ထန်ဂိုဏ်း၏ မူရင်းလူများပင် မခုခံနိုင်ပါချေ။ ထိုအရာက ထန်ဂိုဏ်း၏ နောက်ထပ် အထွတ်အထိပ် ချဉ်းကပ်လာမှုကို ကိုယ်စားပြု နေလေ၏။

စကားမပြောဘဲ ခေါင်းညိတ်နေသော အကြီးအကဲများကို ကြည့်ရင်း ထန်စန်းက တောက်ပစွာ ပြုံးလိုက်သည်။

"ထန်စန်းရဲ့ အရာအားလုံးကို ထန်ဂိုဏ်းက ပေးအပ်ခဲ့တယ် ... ဘဝဖြစ်စေ လုပ်နိုင်စွမ်းဖြစ်စေ အရာအားလုံးကို ထန်ဂိုဏ်းက ပေးအပ်ခဲ့တယ် ... ဘာအချိန်ပဲဖြစ်ဖြစ် ထန်စန်းက ဘဝတစ်လျှောက်လုံးမှာ ထန်ဂိုဏ်းရဲ့ လူတစ်ယောက်ပါပဲ ... သေရင်တောင် ထန်ဂိုဏ်းရဲ့ သရဲတစ်ကောင် ဖြစ်နေဦးမှာပါ ... အကြီးအကဲတွေက ဂိုဏ်းစည်းကမ်းကို ဖောက်ဖျက်တဲ့ အပြင်စည်းတပည့် တစ်ယောက်ရဲ့ အလောင်းကို ထန်ဂိုဏ်းမှာ ရှိခွင့်ပြုမှာ မဟုတ်တာကို

ကျုပ်သိပါတယ် ... ဒါကြောင့် ... ကျုပ်ကို ဒီပရှူထဲမှာပဲ အရိုးဆွေးခွင့်ပြုပါ ..."

ထန်စန်းက အလွန်တည်ငြိမ် အေးချမ်းနေခဲ့သည်။ သူ၏ စိတ်လှုပ်ရှားနေသော အသံက နောက်ဆုံးတွင် အကြီးအကဲများကို နိုးထစေခဲ့၏။ အကြီးအကဲများက ခေါင်းမော့ပြီး သူ့ကို ကြည့်လိုက်သော အချိန်တွင် သူတို့က သူ့ကိုယ်မှ ထွက်ပေါ်လာသည့် နို့နှစ်ရောင် ချီစမ်းချောင်း ဖြူဖြူများကို မြင်လိုက်ရသည်။

"ဆန်းကြယ်သော ကောင်းကင်ဘုံ ရတနာမှတ်တမ်း ... မင်းက ဆန်းကြယ်သော ကောင်းကင်ဘုံရတနာ မှတ်တမ်းထဲက ဂိုဏ်းရဲ့ အမြင့်ဆုံး အတွင်းအား နည်းစနစ်ကိုတောင် လေ့လာခဲ့တာလား ..."

ထန်တက မထိန်းနိုင်ဘဲ အော်ဟစ်လိုက်မိသည်။ ပေါက်ကွဲမှု တစ်ခုနှင့်အတူ အကြီးအကဲများက မမျှော်လင့် ထားသည်များကို ရှောင်ရှားရန် အတွက် နောက်ကို ဆုတ်ခဲ့လေ၏။ သူတို့က ကိုယ်လုံးတီး ဖြစ်သွားသော ထန်စန်းကို ကြည့်လိုက်ကြသည်။

ထန်စန်းက တောက်ပစွာ ပြုံးလိုက်လေ၏။

"ကျုပ်က ကိုယ်လုံးတီးနဲ့ ရောက်လာခဲ့တယ် ... ပြီးတော့ ကျုပ်က ကိုယ်လုံးတီးနဲ့ပဲ ထွက်ခွာသင့်တယ် ... ဗုဒ္ဓအမျက်ကြာပန်းက ထန်ဂိုဏ်းအတွက် ထန်စန်းရဲ့ နောက်ဆုံးလက်ဆောင်ပါ ... ကျုပ်က ထန်ဂိုဏ်းရဲ့ ဘာကိုမှ သယ်မသွားခဲ့ဘူး ... လျှို့ဝှက်စာအုပ်တွေ အားလုံးက ကျုပ်အခန်းထဲက ပထမအုတ်ချပ် အောက်မှာ ရှိတယ် ... ထန်စန်းက အခုအချိန်မှာ ထန်ဂိုဏ်းကို အရာအားလုံး ပြန်ပေးခဲ့ပါပြီ ..."

"ဟားဟားဟားဟားဟားဟား ..."

ထန်စန်းက ကောင်းကင်ကို မော့ကာ ရှိုင်းစိုင်းစွာ ရယ်မောခဲ့သည်။ ရုတ်တရက် ... သူက နောက်ကို ခြေတစ်လှမ်း ဆုတ်လိုက်လေ၏။ ထို အခိုက်တွင် ထန်ဂိုဏ်း၏ အကြီးအကဲများက ရုတ်တရက် မတုံ့ပြန်နိုင်ခဲ့ပဲ မ မျှော်လင့်စွာဖြင့် သူ့အား မည်သူမှ မတားဆီးနိုင်ခဲ့ချေ။ သူ့ကိုယ်က အဖြူ ရောင်အလင်းများ ဝန်းရံကာ ငရဲတောင်ထွဋ်မှ သူကိုယ်တိုင် ခုန်ချသွားပါ တော့သည်။ ထန်စန်းသည် ဗလာဖြစ်နေသော လေထုထဲ၌ ပျံသန်းကာ တောင်ကို ဝန်းရံထားသည့် မြူခိုးနှင့် တိမ်များပေါ် ခြေချသွားလေ၏။

"ရပ် ..."

ထန်တက နောက်ဆုံးတွင် လှုပ်ရှားခဲ့သော်လည်း ယခုအချိန်တွင် တစ်စုံတစ်ခုပြောရန် အလွန်နောက်ကျသွားပြီ ဖြစ်သည်။ တိမ်နှင့် မြူခိုးများ က အလွန်အမင်း ထူထဲလှပြီး စိုထိုင်းမှုလှိုင်းများ သယ်ဆောင်ကာ နေရောင်ခြည်ကို အဝေးသို့ ယူဆောင်သွားကြ၏။ ပြီးတော့ကား ဘဝ တစ်လျှောက်လုံး ထန်ဂိုဏ်းနှင့် လျှို့ဝှက်လက်နက်များအပေါ် နှစ်မြုပ်ထား သော ထန်စန်းကိုလည်း အဝေးသို့ ယူဆောင် သွားခဲ့ပါသည်။

အချိန်က ရပ်ဆိုင်းသွားဟန်ရ၏။ ထန်တက ကြာပန်းသုံးပွင့်ကို ကိုင်ရင်း သူ့လက်က တုန်ယင်နေခဲ့သည်။ သူမျက်လုံးက စိုစွတ်နေလေ၏။

"ထန်စန်း ... အာ ... ထန်စန်း ... မင်းက ဘာကြောင့် ခံစားခဲ့ရတာလဲ ... ငါ တို့စီ မင်းယူလာတဲ့ ထိတ်လန့်စေမှုက တကယ့်ကို များလွန်းတယ် ... အရမ်း များလွန်းတယ်ကွာ ..."

"အကြီးဆုံး အစ်ကို ..."

ဒုတိယ အကြီးအကဲက ရှေ့ထွက်လာခဲ့သည်။

"အစ်ကိုက ဘာလို့ ဒီလိုမျိုး သူခိုးတစ်ယောက် အတွက် ညည်းတွားနေရ

တာလဲ ..."

တန်ထ၏ အကြည့်က အေးစက်လာပြီး သူ့တစ်ကိုယ်လုံးကို လေအေးများ ဖုံးလွှမ်းလာခဲ့သလို ဒုတိယအကြီးအကဲကို စိုက်ကြည့်လိုက်သည်။

"မင်းက သူခိုးတစ်ယောက်လို့ ဘာကြောင့် ပြောတာလဲ ... ဂိုဏ်းရဲ့ အရှားပါးဆုံး စာအုပ်တွေကို ရပြီး ထွက်မပြေးခဲ့တဲ့ သူခိုးတစ်ယောက်ကို မင်းမြင်ဖူးလား ... သူ့ရည်ရွယ်ချက်အတွက် အသေခံသွားတဲ့ သူခိုးတစ်ယောက်ကို မင်းမြင်ဖူးလား ... ထန်ဂိုဏ်းရဲ့ ဘယ်ကျွမ်းကျင်သူကိုမဆို ဖျက်ဆီးဖို့ လုံလောက်တဲ့ လျှို့ဝှက်လက်နက် တစ်ခုကို လက်ဆောင်အဖြစ် ပေးသွားတဲ့ လူတစ်ယောက်ကို မင်းမြင်ဖူးလား ... ထန်စန်းက သူခိုးတစ်ယောက် မဟုတ်ဘူး ... သူက နှစ်နှစ်ရာ အတွင်းမှာ ငါတို့ရဲ့ အထူးချွန်ဆုံး ဉာဏ်ကြီးရှင် တစ်ယောက်ပဲ ..."

အကြီးအကဲက မိုက်မဲစွာ ကြည့်ခဲ့၏။

"ဒါပေမဲ့ ... သူက ဂိုဏ်းကနေ ကျင့်စဉ်တွေ ခိုးခဲ့တာပဲ ..."

ထန်တက ရုတ်တရက် ကြားဖြတ် ပြောလိုက်သည်။

"မင်းက ဗုဒ္ဓအမျက်ကြာပန်းကို ထုတ်လုပ်နိုင်ခဲ့ရင် မင်းဘာခိုးခိုး ငါဂရုမစိုက်ဘူး ... မင်းမှားတယ် ... ငါလည်း မှားတယ် ... အတိတ်တုန်းက ငါတို့ဟာ တကယ်ပဲ အကြည့်မှားခဲ့တယ် ... ထန်ဂိုဏ်းရဲ့ ဂုဏ်ကျက်သရေကို ပြန်ပြီး မြင့်တက်စေမယ့် အခွင့်အရေးကို ငါတို့ မျက်စိရှေ့မှာတင် လွဲချော် သွားခဲ့ရပြီ ..."

အကြီးအကဲများက စုရုံးလာကြသည်။ သူတို့အားလုံး၏ အမူအရာက ရှုပ်ထွေးနေကြပြီး တချို့က ဇဝေဇဝါ ဖြစ်နေကြ၏။ တချို့က ဝမ်းနည်းနေပြီး တချို့က သက်ပြင်းချ နေသကဲ့သို့ တချို့က နောင်တရ နေကြလေ၏။

"ဘာမှ ပြောစရာ မလိုတော့ဘူး ... ငါ့အမိန့်ကို ထုတ်ပြန်လိုက် ... တပည့် အားလုံးကို လွှတ်ပြီး ငရဲတောင်ထွဋ်အောက်မှာ ထန်စန်းကိုရှာ ... ရှင်နေရင် ငါက လူကို တွေ့ချင်တယ် ... သေနေရင် အလောင်းကို မြင်ချင်တယ် ... တစ်ချိန်တည်းမှာပဲ အခုကနေစပြီး ထန်စန်းကို အတွင်းစည်းတပည့် အဖြစ် တိုးမြှင့်ပေးလိုက်တယ် ... သူက အသက်ရှင် နေခဲ့ရင် ငါ့ရဲ့ ခေါင်းဆောင်ရာထူးကို ဆက်ခံရမယ့်သူ ဖြစ်လိမ့်မယ် ..."

"ဟုတ်ကဲ့ ခေါင်းဆောင် ..."

အကြီးအကဲများက တစ်ပြိုင်တည်း အရိအသေ ပေးခဲ့ကြသည်။ ထန်စန်းသာ ယခုအချိန်တွင် ချောက်ကမ်းပါးထိပ်၌ ရှိနေခဲ့လျှင် ထန်တ၏ စကားများကို ကြားနိုင်မည် ဖြစ်၏။ သူသေဆုံးခဲ့လျှင်ပင် သူက အလွန်အမင်း ကျေနပ်နေပါလိမ့်မည်။ သူ၏ ကြိုးမားစွာ အားထုတ်မှုက အဆုံးသတ်တွင် အမှိုက်တစ်ခု မဖြစ်ခဲ့ပေ။ သို့သော် ... အရာအားလုံးက အလွန် နောက်ကျနေခဲ့ပြီ ဖြစ်ပေသည်။

ငရဲတောင်ထွဋ် ... ကျောက်တုံးတစ်တုံးက အောက်ခြေကို ရောက်ရန် ဆယ့်ကိုးစက္ကန့် ကြာသောတောင်ထွဋ် ... ငရဲပြည် ဆယ့်ရှစ်ထပ်ကို မြင်နိုင်သော နေရာ ... ထိုနေရာက လူတစ်ဦးကို တိမ်နှင့်မြူခိုးများ ကြားမှ အသက်ရှင်လျက် ပြန်လာရန် မည်သို့ ခွင့်ပြုမည်နည်း ...

ထန်စန်းက သေဆုံးခဲ့ပြီဖြစ်၏။ ဤကမ္ဘာမှ ထာဝရ ထွက်ခွာသွားလေပြီ။ သို့သော် ... သူ၏ အခြားကံကြမ္မာက အစသာ ဖြစ်ပါတော့သည်။

***

## အခန်း (၁)

# တိုလော့ကုန်းမြေ … အခြားကမ္ဘာမှ ထန်စန်း (A)

တိုလော့ကုန်းမြေ … တောင်ပိုင်းကောင်ကင်ဘုံ တိုအင်ပါယာ … ဖာစီနော့စီရင်စု …

မြင့်မြတ်သော စိတ်ဝိညာဉ်ကျေးရွာ … ထိုအမည်ကိုသာ ကြားလျှင် လူတိုင်းက ထိတ်လန့်တုန်လှုပ်ဖွယ် ကျေးရွာတစ်ခုဟု ထင်မိကြမည်ဖြစ်၏။ အမှန်တွင်မူ ထိုအရာက ဖာစီနော့စီရင်စု၏ နော့တင်းမြို့တော်ရှိ ရွာငယ်လေး တစ်ရွာသာ ဖြစ်ပေသည်။ ထိုရွာကို မြင့်မြတ်သော စိတ်ဝိညာဉ်ကျေးရွာဟု ခေါ်ရခြင်းမှာ ဒဏ္ဍာရီတစ်ခုကြောင့် ဖြစ်သည်။ လွန်ခဲ့သော နှစ်တစ်ရာခန့်က စိတ်ဝိညာဉ် သူတော်စင်အဆင့် စိတ်ဝိညာဉ် မာစတာတစ်ဦးသည် ထိုရွာမှ ထွက်ပေါ်ခဲ့ဖူးပါသည်။ ထိုအရာက မြင့်မြတ်သော စိတ်ဝိညာဉ်ကျေးရွာ၏ ထာဝရ ဂုဏ်ယူဖွယ်ရာလည်း ဖြစ်လေ၏။

မြင့်မြတ်သော စိတ်ဝိညာဉ်ကျေးရွာ သည်လည်း ခြွင်းချက်မဟုတ်ဘဲ ကျယ်ပြန့်သော လယ်မြေထဲတွင် ဆန်နှင့် ဟင်းသီးဟင်းရွက်များ ထုတ်လုပ်ကာ နော့တင့်မြို့တော်သို့ ထောက်ပံ့ရန် ပို့ဆောင်ပေးရသည်။ နော့တင်းမြို့သည်ကား ဖာစီနော့စီရင်စု၏ အလယ်တွင် တည်ရှိပြီး အဓိကမြို့တော်တစ်ခု မဟုတ်သော်လည်း အခြား အင်ပါယာတစ်ခု၏ နယ်စပ်နှင့် အလွန်နီးကပ်ပေ၏။ ထို့ကြောင့် အင်ပါယာ နှစ်ခုလုံးရှိ ကုန်သည်များက ထိုနေရာသို့ ကုန်သွယ်ရန် လာရောက်လေ့ရှိသည်။ အကျိုးဆက် အနေဖြင့် နော့တင်းမြို့တော်ကား ကြီးပွားစည်ပင်နေပြီး မြို့တော်အနီး တစ်ဝိုက်ရှိ ကျေးရွာများရှိ အရပ်သားများ၏ လူနေမှုဘဝမှာ အခြားနေရာများထက် သာလွန်ကောင်းမွန်လျက် ရှိလေ၏။

အရှေ့အရပ်၌ နေ့အလင်းရောင် ပေါ်ထွက်ခါနီးတွင် ကောင်းကင်ကြီးက မီးခိုးဖျော့ရောင် သန်းလျက်ရှိသည်။ မြင့်မြတ်သော စိတ်ဝိညာဉ်ကျေးရွာနှင့်

ကပ်လျက် တည်ရှိနေသည့် မီတာတစ်ရာမြင့်သော တောင်ကုန်းငယ် တစ်ခုပေါ်တွင် ပိန်ပါးပြီး သေးငယ်သော ပုံရိပ်တစ်ခု ရှိနေ၏။ ထိုအရာက ငါးနှစ်ခြောက်နှစ်ခန့်သာ ရှိမည့် ကလေးတစ်ဦးဖြစ်သည်။ ထင်ရှားစွာပင် ... နေ့စဉ်နေ့တိုင်းတွင် သူသည် နေမင်း၏ အပူဓာတ်ကို တောင့်ခံလေ့ရှိ၏။ သူ့အရေပြားသည်ကား ကျန်းမာသန်စွမ်းသော ဂျုံအရောင်ရှိပြီး နက်မှောင်တိုတောင်းသော သူ့ဆံပင်များကို သေသပ်စွာ စည်းနှောင်ထားသည်။ သူ၏အဝတ်အစားများက ရိုးရှင်းသော်လည်း သန့်ရှင်းလျက် ရှိလေ၏။

ထိုအသက်အရွယ် ကလေးငယ် တစ်ဦးအဖို့ မီတာတစ်ရာမြင့်သော တောင်ကုန်းကို တက်ရောက်ရန်မှာ လွယ်ကူသော အရာတစ်ခု မဟုတ်ချေ။ သို့သော် ... ထူးဆန်းသည်မှာ တောင်ထိပ်ပေါ်သို့ သူရောက်လာသော အချိန်တွင် သူ့မျက်နှာက အနည်းငယ်ပင် နီရဲနေခြင်း မရှိသကဲ့သို့ မောပန်းနေခြင်းလည်း မရှိပေ။ သူ့အမူအရာသည်ကား ကျေနပ်အားရနေပုံ ပေါ်ပေါက်နေလေ၏။

ကောင်လေးက တောင်ကုန်းထိပ်တွင် ထိုင်ချလိုက်သည်။ သူ့မျက်လုံးနှစ်လုံးက တဖြည်းဖြည်း မြင့်တက်လာသော အရုဏ်ဦး နေမင်းရှိရာ အရှေ့အရပ်သို့ မလှုပ်မယှက် စိုက်ကြည့်နေလေ၏။ သူ့နှာသီးဝမှ ဖြည်းညင်းစွာအသက်ရှူသွင်းပြီး သကာလ ပါးစပ်မှတစ်ဆင့် ဖြည်းညင်းစွာ ရှူထုတ်လိုက်သည်။ သူက ထိုသို့သော ပုံစံဖြင့် မရပ်မနား ရှူသွင်းရှူထုတ် ပြုလုပ်နေပြီး အဆုံးသတ်တွင် ခမ်းနားသော စက်ဝိုင်းတစ်ခု ဖြစ်လာခဲ့လေ၏။

ထိုဖြစ်စဉ် အတောအတွင်း၌ သူ့မျက်လုံးက ရုတ်တရက် ပွင့်လာခဲ့သည်။ မိုးကုပ်စက်ဝိုင်းရှိ မီးခိုးရောင် တောက်ပနေသော အရုဏ်ဦး အလင်းရောင်ထဲတွင် ခရမ်းနုရောင် ချီအလင်းတစ်ခု ဖျတ်ခနဲ လက်သွားသည်။ အံ့အားသင့်ဖွယ် ကောင်းသော အမြင်အာရုံနှင့် အာရုံစူးစိုက်မှု မရှိလျှင် ထိုအရာကို

သတိပြုမိရန် မဖြစ်နိုင်ချေ။

ခရမ်းနုရောင်ချီ၏ မြင်ကွင်းနေရာ၌ ကောင်လေး၏ စိတ်ဝိညာဉ်က အလွန်အမင်း အာရုံစိုက် နေခဲ့သဖြင့် သူသည် အသက်ရှူထုတ်ခြင်းပင် မရှိတော့ပေ။ ပေ့ါပါးနူးညံ့ကွေးသော အသက်ရှူသွင်းမှု တစ်ခုသာ ရှိနေလေ၏။ တစ်ချိန်တည်းတွင် မျက်လုံးအစုံက ခုန်ပေါက်နေသော ခရမ်းနုရောင် အလင်းကို အသေအချာ စိုက်ကြည့်ပြီး အာရုံစိုက် နေခဲ့သည်။

ခရမ်းနုရောင်ချီက အချိန်အကြာကြီး မတည်ရှိခဲ့ပါချေ။ အရှေ့အရပ်ရှိ အလင်းရောင်က တဖြည်းဖြည်း မြင့်တက်လာပြီး နေ့အလင်းရောင် ဖြစ်ပေါ်လာသော အချိန်တွင် ခရမ်းရောင်ချီက လုံးဝပျောက်ကွယ် သွားလေ၏။ ထိုအခါမှသာ ကောင်လေးသည် နောက်ခဲနေသော အတွင်းအားချီကို ရှည်လျားစွာ မှုတ်ထုတ်ခဲ့ပါတော့သည်။ အဖြူရောင်ချီက သူ့ပါးစပ်မှတစ်ဆင့် မလိပ်ထားသော ပိုးထည်စကဲ့သို့ ထွက်ပေါ်လာပြီးနောက် ဖြည်းညင်းစွာ လွင့်ပါးသွားလေ၏။

အချိန်အတော်ကြာ တိတ်ဆိတ်စွာ ထိုင်ပြီးနောက်တွင် ကောင်လေးက သူ့မျက်လုံးကို နောက်တစ်ကြိမ် ဖွင့်လိုက်သည်။ သူ့မျက်လုံး၏ အလယ်တည့်တည့်တွင် အံ့အားသင့်ဖွယ်ကောင်းသော အရာတစ်ခု ရှိနေ၏။ ထိုအရာက ခရမ်းရောင်အလင်း တောက်ပမှုဖြစ်ကာ မသန့်စင်သော ခရမ်းနုရောင် ချီများကြောင့် ဖြစ်နိုင်ပေသည်။ ထိုခရမ်းနုရောင် ချီက အချိန်အကြာကြီး မတည်ရှိဘဲ ပျောက်ကွယ်သွားသော်လည်း တည်ရှိနေသည့် အခိုက်တွင် အလွန်ကွဲပြားစွာ တည်ရှိခဲ့လေ၏။

စိတ်ပျက်စွာ သက်ပြင်းချမှု တစ်ခုနှင့်အတူ ကောင်လေးက သူ့အသက်အရွယ်နှင့် မလိုက်ဖက်သော မကျေမနပ် အမူအရာ တစ်ခုကို ဖော်ပြလိုက်သည်။ သူက ခေါင်းကိုယမ်းပြီး သူ့ကိုသူ ပြောလိုက်လေ၏။

"မဖြစ်နိုင်သေးဘူး ... ငါ့ရဲ့ ဆန်းကြယ်ကောင်းကင်ဘုံ စွမ်းရည်က ပထမဆုံး အတားအဆီးကို မချိုးဖြတ်နိုင်သေးဘူး ... အဲဒါက သုံးလကြာနေပြီ ... ဒါဆိုရင် ဒီရလဒ်က ဘာကြောင့်လဲ ... မနက်အစောပိုင်းမှာပဲ ကျင့်ကြံနိုင်တဲ့ အရှေ့အရပ်က ခရမ်းနုရောင် ချီအပေါ် မှီခိုနေရတဲ့ ခရမ်းနုရောင် နတ်ဆိုးမျက်လုံးက ပိုပြီးကောင်းမွန်တဲ့ ရလဒ်ကို ပြနေတယ် ..."

"ဆန်းကြယ်ကောင်းကင်ဘုံ စွမ်းရည်က အတားအဆီးကို ချိုးဖြတ်နိုင်ခြင်း မရှိဘူးဆိုရင် ငါ့ရဲ့ ဆန်းကြယ်ကျောက်စိမ်း လက်ကလည်း အဆင့်တက်နိုင်မှာ မဟုတ်ဘူး ... မူလက ပထမအဆင့်နဲ့ ဒုတိယအဆင့် ကျင့်ကြံမှုစပ်ကြားကို ငါ့အနေနဲ့ ဒီလိုအခြေအနေမှာ ဖြတ်ကျော်နိုင်မယ့်ပုံ မရှိဘူး ... ဘယ်လိုလုပ်ရမလဲ ... ဆန်းကြယ်ကောင်းကင်ဘုံ စွမ်းရည်က အဆင့်ကိုးဆင့် ရှိနေတာ ... ပထမအဆင့်ကတင် ဒီလောက် ဒုက္ခများနေပြီ ... ဒီကမ္ဘာကြီးက ငါ့ရဲ့ အရင်ကမ္ဘာနဲ့ မတူညီတာကြောင့် ဖြစ်နိုင်မလား ..."

လွန်ခဲ့သော ငါးနှစ်က ဤကမ္ဘာသို့ ရောက်ရှိလာခဲ့သည့် ထိုကောင်လေးသည်ကား ချောက်ကမ်းပါးပေါ်မှ မိမိဆန္ဒအလျောက် ခုန်ချသွားသည့် ထန်ဂိုဏ်းမှ ထန်စန်း ဖြစ်ပေသည်။ အသိဝင်လာသော အချိန်တွင် သူသည် နွေးထွေးသော အာရုံတစ်ခုနှင့်အတူ မလှုပ်နိုင် ဖြစ်နေသည်ကို တွေ့ခဲ့ရ၏။ သို့သော် မျှော်လင့်ထားသည့် သေဆုံးခြင်းက မရောက်ရှိလာဘဲ သူသည်ကား ဤကမ္ဘာတွင် လျင်မြန်စွာ မွေးဖွားလာခဲ့သည်။

ထန်စန်းအနေဖြင့် နောက်ပိုင်းတွင် မည်သို့ ဖြစ်ခဲ့သနည်း ဆိုသည်ကို ရှင်းရှင်းလင်းလင်း မမှတ်မိချေ။ သူက မသေဆုံးခဲ့သော်လည်း သူသည် မူလထန်စန်း မဟုတ်တော့ပေ။

ပြန်လည် မွေးဖွားလာသော ထန်စန်းသည် ဤကမ္ဘာ၏ ဘာသာစကားကို လေ့လာရန် တစ်နှစ်သာ လိုအပ်ခဲ့သည်။ သူ့အနေဖြင့် သူမွေးဖွားလာသော

အချိန်တွင် သူ့မျက်လုံးကို မဖွင့်နိုင်ခဲ့သော်လည်း လူတစ်ဦး၏ နှလုံးကြွေ မတတ် အဆုတ်ကွဲမတတ် ငိုကြွေးသံတစ်ခုကို ကြားခဲ့ရကြောင်း မှတ်မိနေဆဲ ဖြစ်၏။ ဤကမ္ဘာ၏ ဘာသာစကားကို လေ့လာခဲ့သည့် အချိန်တွင် သူ၏ ထူးချွန်လှသော မှတ်ဉာဏ်ကြောင့် မည်သို့မျှ မတတ်နိုင်ဘဲ ထိုလူ၏ အော်ဟစ်သံကို ပြန်လည်ကြားနေမိသည်။

"တတိယ ညီမ ... ငါ့ကို ပစ်မသွားပါနဲ့ ..."

ထိုလူက သူ့ဖခင် ထန်ဟောင် ဖြစ်လေ၏။ ဤကမ္ဘာရှိ သူ့မိခင်သည် ခက်ခဲသော ကလေးမွေးဖွားမှုကြောင့် သေဆုံးသွားခဲ့ပြီ ဖြစ်သည်။

နတ်ဘုရားများ၏ အမှောင်ဖုံးသော ဆန္ဒကြောင့် သို့မဟုတ် တိုက်ဆိုင်မှုကြောင့် ... ထန်ဟောင်က သေဆုံးသွားသော သူ့ဇနီးကို အမှတ်ရသည့် အနေဖြင့် သူ့အား အံ့အားသင့်ဖွယ် ကောင်းအောင်ပင် ထန်စန်းဟု အမည်ပေးခဲ့ပါသည်။

ထို့ကြောင့် သူ့အသက်အရွယ် ဝန်းကျင်နှင့် ကျေးရွာရှိ ကလေးများက သူ့ကို နေ့စဉ်လိုလို နောက်ပြောင်ကျီစားလေ့ ရှိ၏။ သို့ပေသိ ... သူ့နှလုံးသားထဲတွင်မူ ထန်စန်းသည် ကျေနပ်မှု ပြည့်ဝလျက်သာ ဖြစ်သည်။ ပြီးတော့ကား ထိုအရာက အခြားကမ္ဘာတွင် နှစ်သုံးဆယ်နီးပါး အသုံးပြုခဲ့သော နာမည်တစ်ခုပင် မဟုတ်လော။ သူက သူ့အတိတ်ဘဝကို အမှတ်ရစေမည့် အမည်တစ်ခု ရှိခြင်းကို ကျေနပ်လျက်သာ ရှိပေ၏။

ဤကမ္ဘာကို ရောက်ရှိလာသည့် အချိန်တွင် ထန်စန်းသည် အစပိုင်း၌ ထိတ်လန့်ကြောက်ရွံ့နေခဲ့ပါသည်။ သို့သော် ... လက်ရှိ တည်ငြိမ်မှုနှင့် စိတ်လှုပ်ရှားမှုများ နှင့်အတူ သူက အစစ်အမှန်ကို အပြည့်အဝ လက်ခံထားခဲ့ပြီ ဖြစ်၏။ ကြည့်ရသည်မှာ ကောင်းကင်ဘုံက သူ့အား ဒုတိယအကြိမ် အခွင့်အရေး ပေးခဲ့ဟန် ရပါသည်။ ဤနေရာတွင် သူသည် သူ့အတိတ်ဘဝရှိ

အကြီးမားဆုံး ဆန္ဒကို ဖော်ထုတ်နိုင်မည် ဖြစ်၏။

သူက ဤကမ္ဘာသို့ အဝတ်မပါဘဲ ရောက်လာခဲ့သော်လည်း ထန်စန်းသည် အကြီးမားဆုံး ချမ်းသာကြွယ်ဝမှုကို ပိုင်ဆိုင်ထားဆဲ ဖြစ်ပါသည်။ ထိုအရာက သူ၏ မှတ်ဉာဏ်ပင်တည်း။ အပြင်ထန်ဂိုဏ်း၏ အထူးချွန်ဆုံး ဉာဏ်ကြီးရှင် တစ်ဦးအနေဖြင့် လက်နက်ပုန်းများ အပါအဝင် ထန်ဂိုဏ်း၏ ယန္တရားအမျိုးမျိုး ထုတ်လုပ်ခြင်း နည်းလမ်းများ အားလုံးက သူ့စိတ်ထဲတွင် စွဲထင်နေခဲ့လေ၏။

ထို့အပြင် သူသည် နှစ်ပေါင်းများစွာ ကြိုးစား တောင့်တခဲ့ရသည့် အတွင်းထန်ဂိုဏ်း၏ ရှားပါးကျင့်စဉ်များကို လေ့လာခဲ့ရသည်။ လေ့လာနေစဉ်တွင် သူသည် အတွင်းထန်ဂိုဏ်း၏ ဆန်းကြယ်ကောင်းကင်ဘုံ ရတနာမှတ်တမ်းကို လေ့လာမှုအပြစ်ကို ကျူးလွန်မိခဲ့၏။ ထို့ကြောင့်ထန်စန်း ဤကမ္ဘာတွင် ထန်ဂိုဏ်း၏ တောက်ပမှု ပြန်လည် ဖော်ထုတ်ရန် မျှော်လင့်နေခဲ့ပါသည်။

"ပြန်ဖို့ အချိန်ရောက်ပြီ ..."

ထန်စန်းက ကောင်းကင်၏ အရောင်ကို တစ်ချက်ကြည့်ကာ ပိန်ပါးသေးငယ်သော သူ့ခန္ဓာကိုယ်က တောင်အောက်သို့ ခုန်ဆင်းလိုက်လေ၏။ ထိုအခိုက်တွင် သူ့ကို မြင်မိသော မည်သူမဆို ထိုမြင်ကွင်းကို သေချာပေါက်ပြူးကျယ်သော မျက်လုံးများဖြင့် အံ့ဩတုန်လှုပ်စွာ ကြည့်နေကြပေလိမ့်မည်။ သူ့ခြေလှမ်း တစ်လှမ်းတိုင်းက တုန်လှုပ်ဖွယ် ကောင်းစွာပင် သူအား ၃.၃ မီတာနီးပါး သယ်ဆောင်သွားခဲ့သည်။

တောင်ကုန်း၏ အက်ကွဲကြောင်းများနှင့် မညီညာသော မြေပြင်က သူ့အပေါ် မည်သည့် အကျိုးသက်ရောက်မှုမှ မရှိခဲ့ချေ။ သူက အားမစိုက်ရဘဲ ရောင်တိမ်းကာ လျင်မြန်စွာ လျှောက်နေခဲ့လေ၏။ အရွယ်ရောက်သူများနှင့် ယှဉ်လျှင်ပင် သူက ပို၍ မြန်ဆန်နေပါလိမ့်မည်။

ထန်ဂိုဏ်း၏ အနှစ်သာရက မည်သည်နည်း ... လက်နက်ပုန်းများ၊ အဆိပ်နှင့် ကိုယ်ဖော့စွမ်းရည် ဖြစ်သည်။ အပြင်ထန်ဂိုဏ်းနှင့် အတွင်းထန်ဂိုဏ်းကြားရှိ အကြီးမားဆုံး ကွာခြားချက်မှာ လက်နက်ပုန်းများ အသုံးပြုသည့်နည်းလမ်းဖြစ်လေ၏။ အပြင်ဂိုဏ်းသည် ယန္တရားများကို ဦးစားပေးပြီး အတွင်းဂိုဏ်းမှာမူ စစ်မှန်သော နည်းစနစ်ကို စံပြုထားသည်။

အဆိပ် အသုံးပြုခြင်းကား အပြင်ဂိုဏ်းတွင် ဖြစ်ပြီး အတွင်းဂိုဏ်းတွင်မူ လက်နက်ပုန်းများသည် မာစတာများမှ တပည့်များထံသို့ တိုက်ရိုက်ဆင်းသက်ခြင်း ဖြစ်သောကြောင့် အဆိပ်သုံးသူ အလွန်နည်းလေ၏။ ထို့ကြောင့် သူတို့က အခြေခံအားဖြင့် အဆိပ်ကို မလိုအပ်ပါချေ။

ဆန်းကြယ်ကောင်းကင်ဘုံ ရတနာမှတ်တမ်းတွင် သိုင်းပညာ ခြောက်မျိုးသာ ဖော်ပြထားသည်။ ထိုအရာများမှာ အတွင်းအားနည်းစနစ်က ဆန်းကြယ်ကောင်းကင်ဘုံ စွမ်းရည်၊ လက်သိုင်းက ဆန်းကြယ်ကျောက်စိမ်းလက်၊ အမြင်အာရုံ ကျင့်ကြံမှုအတွက် ခရမ်းနုရောင် နတ်ဆိုးမျက်လုံး၊ ဖမ်းဆီးခြင်း နည်းစနစ်အတွက် နဂါးဖမ်းကျိန်လုံး ထိန်းချုပ်ခြင်း၊ ကိုယ်ဖော့သိုင်းမှာ တစ္ဆေအရိပ် လမ်းကြောင်း လှည့်စားမှုနှင့် လက်နက်ပုန်းအသုံးပြု နည်းစနစ်ဖြစ်သော လက်နက်ပုန်းတစ်ရာ ခွဲဖြာခြင်းတို့ပင် ဖြစ်လေ၏။

ပထမငါးခုမှာ အခြေခံဖြစ်သည်။ ပြီးတော့ကား ခိုင်မာသော အခြေခံမရှိလျှင် လူတစ်ဦးက ထန်ဂိုဏ်း လက်နက်ပုန်းများ၏ အနှစ်သာရကို မည်သို့ထုတ်ဖော်နိုင်မည်နည်း ...

အသက်တစ်နှစ်မှ စတင်ပြီး ဆန်းကြယ်ကောင်းကင်ဘုံ စွမ်းရည်ကို လေ့ကျင့်ခဲ့သော ထန်စန်းသည် လက်ရှိအချိန်တွင် အသက်ခြောက်နှစ် ရှိနေပြီဖြစ်သော်လည်း အခြေခံကို တည်ဆောက်နေဆဲ ဖြစ်ပေ၏။

ထန်စန်း၏ မိသားစုသည် ကျေးရွာသူကြီး ပေးထားသည့် မြင့်မြတ်သော စိတ်ဝိညာဉ်ကျေးရွာ၏ အနောက်ဘက်တွင် နေထိုင်သည်။ ရွှံ့အခန်း သုံးခန်းပါရှိသည့် အုတ်အိမ်က တစ်ရွာလုံးတွင် အကြမ်းတမ်းဆုံး ဖြစ်လေ၏။ တံခါးနေရာတွင် တူတစ်လက်ပုံ ရေးဆွဲထားသော တစ်မီတာမြင့်သည့် သစ်သား ပျဉ်ချပ်တစ်ခု ရှိသည်။ ဤကမ္ဘာတွင် တူသင်္ကေတသည် ပန်းပဲသမားများ၏ သင်္ကေတ ဖြစ်၏။

မှန်ပေသည်။ ထန်စန်း၏ဖခင် ထန်ဟောင်သည် ပန်းပဲသမားတစ်ဦး ဖြစ်ပြီး ကျေးရွာတွင် တစ်ဦးတည်းသော ပန်းပဲသမား ဖြစ်ပါသည်။ ဤကမ္ဘာတွင် ပန်းပဲသမားများကို ကျွမ်းကျင်သူများထဲမှ အနိမ့်ကျဆုံးဟု ပြောနိုင်၏။ ထိုအရာမှာ အကြောင်းရင်း တစ်ခုကြောင့် … ဤကမ္ဘာရှိ အကောင်းဆုံး လက်နက်များကို ပန်းပဲသမားများ ထုလုပ်ထားခြင်း မဟုတ်သောကြောင့်ပင်တည်း။

ထို့သို့ဆိုလျှင်ပင် ဤကျေးရွာ၏ တစ်ဦးတည်းသော ပန်းပဲသမား အနေဖြင့် ထန်စန်း၏ မိသားစုသည် နည်းပါးသော ဝင်ငွေနှင့်အတူ ချို့တဲ့ခြင်း မရှိသင့်ပေ။

အိမ်ထဲသို့ ဝင်လာသောအခါ ထန်စန်းက မွှေးကြိုင်သင်းပျံ့သော ထမင်းရနံ့ကို ရလိုက်သည်။ ထိုအရာက ထန်ဟောင်က မနက်စာ ပြုလုပ်ထားခြင်း မဟုတ်ဘဲ ထန်စန်းက ထန်ဟောင်အတွက် ချက်ပြုတ်ထားခြင်း ဖြစ်လေ၏။

အသက်လေးနှစ်မှ စတင်၍ … ထန်စန်းတစ်ယောက် မီးခိုချောင်ကို မီရန်လုံလောက်သော အရပ်မရောက်ခင်မှ စတင်ပြီး မီးဖိုချောင်၏ ထိပ်ကို အရပ်မီလာသည်အထိ ချက်ပြုတ်ခြင်းက သူ၏ နေ့စဉ် တာဝန်တစ်ခု ဖြစ်နေပါသည်။

ထိုအရာက ထန်ဟောင်တစ်ယောက် လုပ်ခိုင်းထားခြင်းကြောင့် မဟုတ်ဘဲ ထိုအရာကို သူမလုပ်သောကြောင့် ထန်စန်းက သူ့ဝမ်းပြည့်အောင် မည်သည့်အခါမျှ မစားရခြင်းကြောင့် ဖြစ်ပေ၏။

မီးဖိုချောင်ရှေ့ ရောက်သောအခါ သူသည် သစ်သားခွေးခြေခုံပေါ် ရပ်ပြီး ကြီးမားသော သံထမင်းအိုး၏ အဖုံးကို မတင်လိုက်သဖြင့် မွှေးပျံ့သော ထမင်းရနံ့များ လွင့်ပျံ့နေပါတော့သည်။ အိုးထဲတွင် ဆန်ပြုတ်ကို အချိန်ကြာအောင် သေသေချာချာ ချက်ထားပြီး ဖြစ်၏။

နေ့စဉ်နေ့တိုင်းတွင် တောင်ကုန်းသို့ မသွားခင်၌ ထန်စန်းသည် ချက်ပြုတ်ရန် အိုးထဲသို့ ဆန်ထည့်ပြီး ထင်းမီး ပြင်ထားခဲ့သည်။ ထို့ကြောင့် သူပြန်ရောက်သော အချိန်တွင် ဆန်ပြုတ်က ကောင်းစွာ ပွက်နေပြီ ဖြစ်၏။

နံဘေးနားတွင် အက်ကွဲကြောင်း ဆယ်ခုကျော် ရှိသည့် ပန်းကန်လုံး နှစ်ခုကို ယူပြီး ထန်စန်းသည် ပန်းကန်လုံး နှစ်ခုထဲသို့ ဆန်ပြုတ်ကို ဂရုတစိုက် လောင်းထည့်ကာ သူတို့ကို သူ့နောက်ရှိစားပွဲပေါ် တင်ထားလိုက်သည်။ ဆန်ပြုတ်ထဲရှိ ထမင်းစေ့များကို မျက်လုံးဖြင့် ရေတွက်နိုင်ပြီး ထန်စန်း၏ ကြီးထွားနေသည့် ခန္ဓာကိုယ်အတွက် ထိုအာဟာရ အနည်းငယ်က မလုံလောက်ကြောင်း ထင်ရှားလေ၏။ သူ့ခန္ဓာကိုယ်က အပ်ချည်ကဲ့သို့ ပိန်ပါးနေရသည်မှာ ထိုအကြောင်းကြောင့် ပင်တည်း။

"အဖေ ... စားလို့ရပြီ ..."

ထန်စန်းက ခေါ်လိုက်သည်။

အတန်ကြာပြီးနောက် ... အတွင်းခန်းတံခါးကို မတင်ပြီး အံ့အားသင့်ဖွယ် ခြေလှမ်းများဖြင့် လျှောက်ထွက်လာသော ကြီးမားသည့် ပုံရိပ်တစ်ခု ပေါ်လာလေ၏။

၎င်းက သက်လတ်ပိုင်းအရွယ် လူကြီးတစ်ဦး ဖြစ်သည်။ သူ့အသွင်အပြင်ကို ကြည့်ရသည်မှာ အသက်ငါးဆယ်နား ကပ်နေဟန် ရှိ၏။ သူ့အရပ်အမောင်းက သာမန်ထက် ကြီးမားပြီး အားကောင်းမောင်းသန်ဖြစ်သည်။ သူ့အဝတ်အစား ပုံစံသည်ကား လူတစ်ဦးအဖို့ ချီးမွမ်းဝံ့မည် မဟုတ်ချေ။

သူသည် ဖာထေးထားခြင်း မရှိဘဲ အပေါက်များ ပါရှိသော ဝတ်ရုံကို ဝတ်ဆင်ထားပြီး ကြေးနီရောင် အသားအရေကို ဖော်ပြထားလေ၏။ ယခင်က ကောင်းမွန်သော သူ၏ မျက်နှာ အသွင်အပြင်မှာ ယခုအချိန်တွင် ဖယောင်းကဲ့သို့ ဖြူဖျော့နေပြီ ဖြစ်သည်။ သူသည် အိပ်ချင်နေသော မျက်လုံးတစ်စုံနှင့် မူးဝေနေသော အမူအရာ ရှိ၏။ ရှုပ်ပွနေသော မုတ်ဆိတ်မွေးများက ငှက်သိုက်ကဲ့သို့ ဖြစ်နေပြီး မရိတ်မသင်ဘဲ ထားသည်မှာ မည်မျှကြာခဲ့ပြီမှန်း မသိတော့ချေ။

မှိုင်းညို့ကာ အသက်မဲ့နေသော အကြည့်တစ်ခုကို သူ့မျက်လုံးထဲတွင် မြင်တွေ့ရသည်။ ညအချိန် ကုန်လွန်သွားခဲ့ပြီ ဖြစ်ကာ သူက  အရက်နံ့များ ထွက်နေဆဲ ဖြစ်သော်ငြား ထန်စန်းက မျက်မှောင်မကုတ် သွားခဲ့ချေ။

ထိုသူသည်ကား ဤကမ္ဘာရှိ ထန်ဟောင်၏ ဖခင် ထန်ဟောင်ပင် ဖြစ်ပါတော့သည်။

***